November 2026

SPRING SPROUTS · RESEARCH BRIEFING

တနင်္သာရီဒေသ၏ နိုင်ငံရေးအခြေအနေ တိုးတက်ပြောင်းလဲမှုများ

ကျော်ဇင် ခုနှစ်၊ နိုဝင်ဘာလ

Political Developments in Tanintharyi

Spring Sprouts
A program under
The Ananda Center of
Participatory Democracy

ဤစာတမ်းတိုသည် တနင်္သာရီဒေသရှိ ထားဝယ်၊ ကရင်၊ ကော့သောင်းခရိုင်၊ မြိတ်ခရိုင် နိုင်ငံရေးအင်အားစုများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မွန်နိုင်ငံရေးအင်အားစုများအား တွေ့ဆုံမေးမြန်းခြင်းအားဖြင့် နွေဦးတော်လှန်ရေးကာလအတွင်း ဒေသ၏ နိုင်ငံရေးအခြေအနေ တိုးတက်ပြောင်းလဲမှုကို လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။

အနှစ်ချုပ်

- ၂၀၂၁ အာဏာသိမ်းပြီးနောက် တနင်္သာရီဒေသတွင် NLD ၏ ပြည်မအခြေစိုက် ဦးဆောင်မှုကို မှီခိုရာမှ ဒေသတွင်း ကိုယ်တိုင်ဖန်တီးခွင့် (Localization) နှင့် အောက်ခြေမှ တက်လာသော ဖက်ဒရယ်စနစ် (Bottom-up Federalism) အတွေးအခေါ်များ ထွန်းကားလာသည်။

- ထားဝယ်အင်အားစုများသည် ၂၀၂၆ ခုနှစ် ထားဝယ်အမျိုးသားအဆင့် နိုင်ငံရေး ညီလာခံမှတဆင့် ထားဝယ်အမျိုးသားအဖွဲ့ချုပ် (TNF) နှင့် ထားဝယ်တပ်တော် (TA) တို့ကို ဖွဲ့စည်းခဲ့ကြသည်။

- TNF က အမျိုးသားရေးအခြေခံ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဦးတည်သော်လည်း မြိတ် ခရိုင်နှင့် ကော့သောင်းခရိုင် အင်အားစုများက ပထဝီနယ်မြေကို အခြေခံ စဉ်းစား ကြသည်။

- NLD/လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သည့် ကြားကာလအစိုအမံ ရေးဆွဲ မှုသည် ဒေသတွင်းအင်အားစုများ အားလုံးပါဝင်ခွင့် မရှိဟု ဝေဖန်ခံရပြီး KDPO က ယင်းလုပ်ငန်းစဉ်ကို ရပ်ဆိုင်းရန် တောင်းဆိုထားသည်။

- သယံဇာတ ပေါကြွယ်မှုသည် ဒေသ၏ အဓိကပြဿနာ ဖြစ်ပြီး ထိန်းချုပ်မှု ရောထွေးနေသည့် နယ်မြေများတွင် ဒေသခံပြည်သူများ ကြားညှပ်ခံနေရသည်။

- အင်အားစုအများစုက Bottom-Up ဖက်ဒရယ်စနစ်ကို ထောက်ခံကြသော်လည်း တနင်္သာရီဖက်ဒရယ်ယူနစ် ဖြစ်မြောက်ရေး ကြိုးပမ်းမှု လေးကြိမ်ခန့် မအောင်မြင်ခဲ့ရာ စိတ်ရှည်စွာ အားလုံးပါဝင်သော ညှိနှိုင်းမှု လိုအပ်နေဆဲ ဖြစ်သည်။

မာတိကာ

၁။ နိဒါန်း ၅

၂။ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၏ နောက်ခံအကြောင်းအရာ ၅

၂.၁ တနင်္သာရီဒေသအတွင်းရှိ နိုင်ငံရေးအင်အားစုများ ၆

၃။ နိုင်ငံရေးကို စိန်ခေါ်နေသည့် ဒေသတွင်း ကွဲပြားမှု ၈

၄။ တနင်္သာရီရှိ သက်ဆိုင်သည့် အစုအဖွဲ့အသီးသီး၏ လက်ရှိ နိုင်ငံရေးအပေါ် ရှုမြင်ပုံများ ၁၀

၅။ ကြားကာလအစီအမံအပေါ် ရှုမြင်မှု ၁၇

၆။ ဒေသတွင်း အစုအဖွဲ့များ၏ ဝိသေသလက္ခဏာ ၂၁

၇။ သယံဇာတပြဿနာအပေါ် ရှုမြင်မှုများ ၂၄

၈။ အနာဂတ် ဖက်ဒရယ်အပေါ် ရှုမြင်ပုံ ၂၇

၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အကြမ်းဖက်စစ်တပ် အာဏာသိမ်းမှု ဖြစ်ပြီးနောက် နိုင်ငံတစ်ဝန်း လူထု လှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ တနင်္သာရီဒေသ အများစုတွင်လည်း ၂၀၁၅ – ၂၀၂၀ ခုနှစ် အတွင်း ပြည်မအခြေစိုက်ခေါင်းဆောင်မှုဟု ဆိုရမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကိုသာ မှီခိုခဲ့ရာမှ အာဏာသိမ်းမှု ဖြစ်စဉ်နှင့် အတူ ဒေသတွင်း တော်လှန်ရေး အစုအဖွဲ့များအကြား ကိုယ်တိုင်ပြဋ္ဌာန်းခွင့် (Self-Determination) နှင့် အောက်ခြေမှ တက်လာသော ဖက်ဒရယ်စနစ် (Bottom-up Federalism) အတွေးအခေါ်များ ပိုမိုထွန်းကားလာကာ "အမျိုးသားရေး"၊ "လူနည်းစု အခွင့်အရေး"၊ "ပထဝီအခြေခံနိုင်ငံရေး" ဟူသည့် မတူညီသည့် ချဉ်းကပ်မှုများပါ အားကောင်းစွာဖြင့် ဖြစ်တည်လာခဲ့သည်။

၂။ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၏ နောက်ခံအကြောင်းအရာ

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ဆိုသည့် နွေဦးတော်လှန်ရေး အဓိကပန်းတိုင်နှစ်ရပ်သည် တနင်္သာရီဒေသ အခြေပြု နိုင်ငံရေးအင်အားစုများအပေါ် လွှမ်းမိုးမှု ကြီးမားသည်။ ယင်းသက်ရောက်မှုသည် ငါးနှစ်တာကျော်လာပြီဖြစ်သည့် နွေဦးတော်လှန်ရေးကာလအတွင်း တနင်္သာရီဒေသ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုကိုပါ ပြဋ္ဌာန်းပေးသည်။ ယင်းသည် မတူညီသည့် အကျိုးစီးပွားများကို အခြေခံသည့်

နိုင်ငံရေးအင်အားစု၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ ပေါ်ထွန်းလာစေသည်။

၂.၁ တနင်္သာရီဒေသအတွင်းရှိ နိုင်ငံရေးအင်အားစုများ

ဗဟိုအဆင့်တွင် ရှိပြီး NLD အများစု ဦးဆောင်သည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် နွေဦးတော်လှန်ရေးတွင် ပါဝင်သော အင်အားစုများ စုဖွဲ့ထားသည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ NUG ဦးဆောင်မှုအောက်တွင် ရှိသည့် မြို့နယ်အဆင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) များလည်း ရှိသည်။ နွေဦးတော်လှန်ရေးနှင့်အတူ ပေါက်ဖွားလာသည့် ထားဝယ်ခရိုင် ဒီမိုကရေစီအရေး လှုပ်ရှားမှုသပိတ် ကော်မတီ (DDMSC)၊ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ကိုင်စွဲထားသည့် ဒေသအခြေပြု ထားဝယ်ခရိုင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (DPDF)၊ ထားဝယ်ကာကွယ်ရေးအဖွဲ့ (DDT)၊ ဗထူးတပ်မတော် (Ba Htoo Army – BHA)၊ လောင်းလုံမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (LLPDF)၊ သရက်ချောင်း PDF နှင့် ထားဝယ်မြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့များလည်း ရှိလာသည်။

လက်ရှိ ထားဝယ်ဒေသသည် ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၄) မြိတ်-ထားဝယ်ခရိုင် အတွင်း ပါဝင်နေပြီး KNU လက်နက်ကိုင်တပ်ဖွဲ့များ ဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO) လက်အောက်ခံတပ်များ ရှိသည့်အပြင် ၂၀၂၂ ခုနှစ်က KNU ခွဲထွက် ဖြစ်သည့် ကော်သူးလေတပ်မတော် (Kawthoolei Army – KTLA) တပ်များလည်း ရှိနေသည်။

ကွဲပြားနေသည့် ဖြစ်တည်မှုများအကြား စုစည်းမှုတစ်ခုအဖြစ် ထားဝယ်တော်လှန်ရေး အင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သမဂ္ဂများနှင့် တစ်သီးပုဂ္ဂလ တက်ကြွလှုပ်ရှားသူများ စုပေါင်းထားသည့် ထားဝယ်အမျိုးသား ညီညွတ်ရေးနိုင်ငံရေးကော်မတီ (Tavoyan National United Political Committee – TNUPC) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ဖွဲ့စည်းထားသည်။ ထားဝယ်အမျိုးသားထု၏ ပစ္စုပ္ပန်နှင့် အနာဂတ်အား ရှေ့ဆောင်ဦးရွက်ပြုမည့် နိုင်ငံရေးအဖွဲ့အစည်းအဖြစ် တာဝန်အပ်နှင်းထားသည်။ ထားဝယ် အခြေခံမူ တဖြစ်လည်း အမျိုးသားနိုင်ငံရေးရည်မှန်းချက်အဖြစ် အချက် သုံးချက်ကိုလည်း ကော်မတီက ထုတ်ပြန်ထားကာ ဖက်ဒရယ်ရေး၊ တူယှဉ်တွဲနေထိုင်ရေးနှင့် လူမှုစီးပွားစနစ်ကို အခြေခံသည်။ TNUPC သည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၃ ရက်အထိ "ထားဝယ်အမျိုးသားအဆင့် နိုင်ငံရေး ညီလာခံ" ကို ဒေသတွင်းပြုလုပ်ကာ နိုင်ငံရေး ရည်မှန်းချက် သုံးရပ်ကို ထပ်မံအတည်ပြုပြီးနောက် မတ် ၁၀ ရက်တွင် ထားဝယ် အမျိုးသားအဖွဲ့ချုပ် (Tavoyan National Federation – TNF) ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် တစ်ခုတည်းသော ထားဝယ်တပ်တော် (Tavoy Army) ကို ချိုးဖြူပြောက်ကြား (Dove Guerrilla Force)၊ ဖက်ဒရယ်မူဝံကြယ်တပ်ဖွဲ့ (Federal Polaris Force)၊ ထားဝယ်ပြည်သူ့လွတ်မြောက်ရေးတပ် (Tavoy People Liberation Force – TPLF)၊ နွေဦးပြောက်ကြားတပ်ဖွဲ့ (Nway Oo Guerrilla Force) တို့ဖြင့် စုဖွဲ့တည်ဆောက်သည်။

၃။ နိုင်ငံရေးကို စိန်ခေါ်နေသည့် ဒေသတွင်း ကွဲပြားမှု

တနင်္သာရီဒေသတွင်း နိုင်ငံရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်ရာ၌ နိုင်ငံရေးသီးသန့်မဟုတ်ဘဲ သယံဇာတ ထွက်ရှိမှုနှင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝအပေါ် သက်ရောက်မှုကြီးသည့် အခွန်ကောက်မှု၊ စစ်ရေးအရ ဖိအားအပြင် အကြမ်းဖက် စစ်အုပ်စု၏ စစ်ရေး၊ နိုင်ငံရေးအရ ထိုးနှက်မှုမှ ဖြစ်လာသည့် သက်ရောက်မှုများကိုပါ ဆန်းစစ်ထားသည်။ ထိုသို့ ဆန်းစစ်ရာ၌လည်း ဒေသတွင်း နိုင်ငံရေး အင်အားစုများအပြင် နယ်နိမိတ်ချင်း ထိစပ်နေသည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံရေးအင်အားစုများကိုလည်း တွေ့ဆုံမေးမြန်းထားသည်။

- ထားဝယ်အမျိုးသားအဖွဲ့ချုပ် (TNF)
- ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး (KNU)
- ကော့သောင်းခရိုင် နိုင်ငံရေးအင်အားစု (KDPO)
- မြိတ်ခရိုင် နိုင်ငံရေးအင်အားစု
- မွန်တော်လှန်ရေးအဖွဲ့အစည်းများ

ထားဝယ်အမျိုးသားအဖွဲ့ချုပ် (Tavoyan National Federation – TNF)

၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေး စတင်ချိန်တွင် ထားဝယ်ဒေသသည် အခြားဒေသများနည်းတူ ပါဝင်ခဲ့ကာ ဆန္ဒပြပွဲများ လုပ်ဆောင်မရသည့်အခါ လက်နက်ကိုင်လမ်းစဉ်အား ရွေးချယ်ခဲ့သည်။ ဒေသအခြေပြု လက်နက်ကိုင်အဖွဲ့များစွာ ရှိလာပြီးနောက် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) ယန္တရားအောက်သို့ ရောက်သွားခြင်း၊ NUG ကာကွယ်ရေးဝန်ကြီးဌာန PDF တပ်ရင်းများ ဖြစ်သွားခြင်း၊ KNU နှင့် ပူးပေါင်းခြင်း၊ ဒေသခံအဖွဲ့ LPDF အဖြစ် သီးသန့်ရပ်တည်ခြင်းများ ကွဲပြားလာသည်။ ၂၀၂၂ မှ ၂၀၂၄/၂၀၂၅ ခုနှစ်အထိ ဒေသအား ဖက်ဒရယ်ယူနစ်အဖြစ် ရပ်တည်ရေးအတွက် နိုင်ငံရေး၊ လက်နက်ကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာမှု ကူညီပေးသော အဖွဲ့အစည်းများဖြင့် အနည်းဆုံး လေးကြိမ်ခန့် စုဖွဲ့ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပေ။ ယင်းမတိုင်ခင် ၂၀၂၁ မတ်လဝန်းကျင်ကလည်း တနင်္သာရီ နိုင်ငံရေးစုဖွဲ့မှုတစ်ခုပေါ်ပေါက်ရေး ကြိုးပမ်းမှုတခုရှိခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ပေ။ ၂၀၂၅ ခုနှစ် အစောပိုင်းတွင် နိုင်ငံရေး အမြင်မတူမှု၊ စစ်ရေး၊ အုပ်ချုပ်ရေးနှင့် ဒေသတွင်း သယံဇာတ တူးဖော်ခြင်း စသည့်ကိစ္စများ၌ ဝေဖန်မှုများ တိုးလာခဲ့ရာ အာဏာရှင်စနစ် ကျဆုံးရေးအပြင် ထားဝယ်ဒေသ ကံကြမ္မာကို ကိုယ်တိုင်ဖန်တီး၊ ဦးဆောင်မည့် နိုင်ငံရေး၊ စစ်ရေးအင်အားစု တစ်ခုလိုအပ်သည်ဟု သုံးသပ်မှုများ ရှိလာသည်။ ၂၀၂၅ ခုနှစ် ဩဂုတ်တွင် လူငယ်နှင့် ထားဝယ်အရေး စိတ်ပါဝင်စားသူများက ထိုင်းနယ်စပ်တစ်နေရာတွင် တော်လှန်ရေးကာလ ငါးနှစ်တာအတွင်း ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံမှုအား စတင်ပြုလုပ်သည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာတွင် ပိုမိုကျယ်ပြန့်လာကာ ပါဝင်သင့်သူများ၊ အဖွဲ့အစည်းများကို ဖိတ်ကြားကာ ဒုတိယအကြိမ် တွေ့ဆုံပြီး ထားဝယ်အမျိုးသားအဆင့် နိုင်ငံရေးပူးပေါင်းကော်မတီ (TNUPC/TPNUC) ကို စတင်ဖွဲ့စည်းကာ အနာဂတ် ထားဝယ်ဒေသ ပုံဖော်ရေးကို ဦးဆောင်ရန် တာဝန်ယူသည်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လဆန်းတွင် သုံးရက်ကြာ ထားဝယ်အမျိုးသားအဆင့် နိုင်ငံရေးညီလာခံကို ကျင်းပကာ ထားဝယ်အမျိုးသားအဖွဲ့ချုပ် (TNF) နှင့် ထားဝယ်တပ်တော် (TA) တို့ကို မတ် ၃ ရက်တွင် တရားဝင် အတည်ပြု ဖွဲ့စည်းသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU)

ဥက္ကဋ္ဌဖြစ်သူ စောဘဦးကြီး၏ မူ (၄) ရပ်ကို ယခုတိုင် ကိုင်စွဲထားသည့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အား ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဖွဲ့စည်းကာ ခရိုင် (၇) ခု၊ ဌာန (၁၂) ခုဖြင့် လည်ပတ်သည်။ ခရိုင် (၇) ခုတွင် မြိတ်-ထားဝယ်ခရိုင် ပါဝင်ကာ လယ်ဒိုစိုး၊ လယ်မူလား၊ ကစယ်ဒို၊ တနော်သရီ၊ လယ်ကဆောမြို့နယ်နှင့် ထီမိုပွာအထူးဒေသတို့သည် ပါဝင်သည်။ တပ်မဟာ (၄) ထိန်းချုပ်ရာ ခရိုင်တွင်း၌ KNLA တပ်ရင်း (၁၀)၊ (၁၁)၊ (၁၂)၊ (၂၀၃) နှင့် KNDO တပ်ရင်း (၇) တို့ ရှိကြသည်။ ကော်သူးလေယူနစ် တည်ဆောက်ရေးသည် KNU ၏ နိုင်ငံရေး ဦးတည်ချက် ဖြစ်သည်။

၄။ တနင်္သာရီရှိ သက်ဆိုင်သည့် အဖုအပွဲအသီးသီး၏ လက်ရှိ နိုင်ငံရေးအပေါ်ရှုမြင်ပုံများ

ထားဝယ်တွင် ဌာနေ ထားဝယ်တိုင်းရင်းသားများအပြင် မွန်နှင့် ကရင်တိုင်းရင်းသားများပါ နေထိုင်ကြကာ စစ်တပ်အာဏာမသိမ်းမီးကတည်းက မွန်နှင့် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ အခြေစိုက်ထားသည်။ အဆိုပါ အဖွဲ့များသည်လည်း သမိုင်းနောက်ခံ၊ နိုင်ငံရေးခံယူချက်နှင့် ဒေသအကျိုးစီးပွားဆိုင်ရာကိစ္စများတွင် မတူညီကြပေ။ ဒေသခံထားဝယ်တိုင်းရင်းသားများအကြား ထားဝယ်အမျိုးသား နိုင်ငံရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲပြားသည်။ အချို့ကထားဝယ်အမျိုးသား နိုင်ငံရေးလမ်းစဉ်ကိုသာ သီးသန့်သွားလိုပြီး၊ အချို့မှာ တနင်္သာရီဖက်ဒရယ်ယူနစ်အသွင်ဖြင့် သွားလိုကြသည်။ ဒေသတွင်း သယံဇာတ တူးဖော်မှု၊ စစ်ရေးနှင့်

ကော့သောင်းခရိုင် နိုင်ငံရေးအင်အားစု (KDPO)

၂၀၂၂ ခုနှစ် နှစ်ဦးတွင် မြိတ်ခရိုင် နိုင်ငံရေးအင်အားစုဖွဲ့စည်းကြောင်း ကြေညာပြီးနောက် ၎င်းတို့၏ ကူညီလမ်းပြမှု၊ လွှတ်တော်ကိုယ်စားလှယ်၊ CDM ဆရာ/ဆရာမများနှင့် ဒေသခံများ ပူးပေါင်းကာ ကော့သောင်းမြို့နယ် နိုင်ငံရေးအင်အားစုကို စတင်ဖွဲ့စည်းသည်။ ယင်းနှစ် နှစ်ကုန်ပိုင်းတွင် ဘုတ်ပြင်းမြို့နယ် နိုင်ငံရေးအင်အားစုကို ထပ်မံဖွဲ့စည်းကာ အောက်တိုဘာ-နိုဝင်ဘာတွင် မြို့နယ်နှစ်ခုပေါင်း၍ ခရိုင်အဆင့် မူဝါဒနှင့် မျှော်မှန်းချက်များ ရေးဆွဲကာ ကော့သောင်းခရိုင် နိုင်ငံရေးအင်အားစုကို ထပ်ဆင့် ဖွဲ့စည်းသည်။ ကော့သောင်းဒေသသည် ဌာနေ ဒေသခံနည်းပါးကာ စီးပွားရေးအကြောင်းပြချက်ဖြင့် လာရောက်အခြေချသူများကာ လူမျိုးစု၊ ဘာသာနှင့် စီးပွားရေးနောက်ခံများ ကွဲပြားကြသည်။ ခရိုင်အဆင့် ဖွဲ့စည်းစဉ်က ဖက်ဒရယ်ယူနစ် ဖြစ်ပေါ်ရေး ဘုံရည်မှန်းချက် ကြောင့် နိုင်ငံရေးအရ ကွဲပြားမှု နည်းသော်လည်း နောက်ပိုင်းတွင် အုပ်ချုပ်ရေးယန္တရားများအတွင်း လူပုဂ္ဂိုလ်အခြေပြု အားပြိုင်မှု၊ သဘောထားကွဲမှုများကြောင့် ပွတ်တိုက်မှုများရှိလာသည်။ ထို့ပြင် NLD လွှတ်တော်ကိုယ်စားလှယ်များ၏ ကြားကာလအစီအမံ ရေးဆွဲမှုအပေါ် အောက်ခြေအင်အားစုများနှင့် အမြင်မတူ ကွဲပြားမှုများ ရှိလာကာ စစ်အာဏာရှင်စနစ် မဖြစ်မနေ ပြုတ်ကျရမည်ဖြစ်ပြီး၊ အာဏာရှင်စနစ်မှ ပေါ်ပေါက်လာမည့် မည်သည့် အာဏာရှင်ကိုမဆို ရရာ နည်းလမ်းဖြင့် တော်လှန် တိုက်ခိုက်သွားမည်ဟူသော ရပ်တည်ချက်ကိုသာ ပြတ်သားစွာ ဖော်ပြထားပါသည်။

အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများတွင်လည်း အမြင်မတူညီမှုများနှင့် အပြန်အလှန် ဝေဖန်မှုများ ရှိခဲ့သည်။ သို့သော် TNF အနေဖြင့် ယင်းမတူကွဲပြားမှုများကို ပဋိပက္ခအဖြစ် မရှုမြင်ဘဲ၊ နိုင်ငံရေးအရ မည်သို့ညှိနှိုင်းဖြေရှင်းမည်ဆိုသည့် အချက်နှင့် "လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး" အခြေခံမူများဖြင့်ချဉ်းကပ်ဆောင်ရွက်လိုကြောင်း ကြေညာထားကာ ၂၀၂၂ မှ ၂၀၂၅ ခုနှစ်အထိ တနင်္သာရီဒေသအား

မြိတ်ခရိုင် နိုင်ငံရေးအင်အားစု

၂၀၂၁ ခုနှစ် နွေဦးတော်လှန်မှုအစဉ် လက်နက်ကိုင်နှင့် နိုင်ငံရေးလမ်းစဉ်ဟူ၍ ထွက်ပေါ်လာသည်။ ၂၀၂၁ ခုနှစ် မတ်/ဧပြီလများတွင် ဒေသတွင်းပြည်သူများက ကမ်းရိုးတန်းဒေသ/တနင်္သာရီတိုင်းအဆင့် စုစည်းရန် စတင် ကြိုးပမ်းသည်။ ထို့နောက် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် TNC နှင့် ကျောင်းသားသမဂ္ဂကွန်ရက်များက တိုင်းအဆင့် စုစည်းရေး ကြိုးပမ်းသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဧပြီတွင် ခရိုင်တွင်းပါဝင်သည့် ပုလော၊ ကျွန်းစု၊ တနင်္သာရီနှင့် မြိတ်တို့တွင် မြို့နယ်အဆင့် နိုင်ငံရေးအင်အားစုများအား စတင်တည်ဆောက်သည်။ ယင်းနှစ် မေလတွင် တစ်မြို့နယ်ကိုယ်စားလှယ် ခြောက်ဦးနှုန်းဖြင့် "မြိတ်ခရိုင် နိုင်ငံရေးအင်အားစု" ကို စုဖွဲ့သည့်နည်းတူ အခြားခရိုင်များ၌လည်း စုဖွဲ့မှုများ စတင်နိုင်ရန် တိုက်တွန်း ကူညီခဲ့သည်။ ၂၀၂၃ အောက်တိုဘာနှင့် နိုဝင်ဘာတွင် တိုင်းလွှတ်တော်ကိုယ်စားလှယ်များ ကော်မတီ (CRTA) က ကြားကာလအစီအမံ ရေးဆွဲရေးဥပဒေကြမ်း ထုတ်ပြန်ကာ မြိတ်ခရိုင်အပါအဝင် တနင်္သာရီနိုင်ငံရေးအင်အားစု များက ကန့်ကွက်ခဲ့သည်။ ၂၀၂၄ ဩဂုတ်တွင် ဒေသတွင်း အဖွဲ့အစည်း (၃၂) ဖွဲ့ခန့်ဖြင့် တိုင်းအဆင့် နိုင်ငံရေး စုစည်းမှုအား စတင်ကြိုးပမ်းခဲ့သော်လည်း တစ်နှစ်အကြာတွင် ရပ်တန့်သွားခဲ့သည်။

ဖက်ဒရယ်ယူနစ်အဖြစ် စုဖွဲ့ရေးအား အနည်းဆုံး လေးကြိမ်ခန့် ကြိုးပမ်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပေ။ အာဏာရှင်စနစ် ကျဆုံးရေးအပြင် ဒေသတွင်း ဖြစ်ပွားနေသည့် စစ်ရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အမြင်မတူညီမှုများအား ဖြေရှင်းရန်အတွက် ထားဝယ်ဒေသ ကံကြမ္မာအား ကိုယ်တိုင်ဖန်တီး ဦးဆောင်နိုင်မည့် နိုင်ငံရေး၊ စစ်ရေး ဦးဆောင်မှု သီးသန့်လိုအပ်သည်ဟု ယုံကြည်ကာ စစ်အုပ်စု၏ လေကြောင်းအန္တရာယ်၊ သယံဇာတပျက်စီးမှုနှင့် ပြည်သူများ ကြုံတွေ့ရသည့် အခက်အခဲ၊ အကျပ်အတည်းများကို ထားဝယ်ကိုယ်စားပြု ဖော်ထုတ်နိုင်မည့်

ဦးဆောင်မှုတစ်ခု လိုအပ်သည့် အတွက်လည်း TNF ကို စုဖွဲ့ရခြင်း ဖြစ်သည်။ ဒေသတွင်းရှိ တိုင်းရင်းသားအင်အားစုများ (ဥပမာ - ထားဝယ်၊ မွန်၊ ကရင် စသည့် အဖွဲ့အစည်းများ) ၏ သမိုင်းနောက်ခံ၊ နိုင်ငံရေး ယူဆချက်၊ ဒေသတွင်းအကျိုးစီးပွား မတူညီမှု အား ပဋိပက္ခအဖြစ် မမြင်ဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို ဦးစားပေး ဆောင်ရွက်မည် ဖြစ်ကာ နိုင်ငံရေးအရ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တစ်သံတည်း ထွက်ခြင်းကို ဦးတည်သည်။ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကို လက်ကိုင်ထားကာ အခြားအဖွဲ့အစည်းများနှင့်အတူ နယ်မြေထိန်းချုပ်မှု၊ ပြည်သူ့ဝန်ဆောင်မှုပေးခြင်း ကဏ္ဍများတွင် မိမိသဘောတစ်ခုတည်းဖြင့် အကောင်အထည်ဖော်ခြင်းထက် ကြိုတင်ညှိနှိုင်းဆွေးနွေးပြီးမှသာ လုပ်ကိုင်သည့် အလေ့အထကို ကျင့်သုံးမည် ဖြစ်ကာ ဒေသတွင်း သယံဇာတထုတ်ယူမှု၊ အခွန်ကောက်ခံမှုများကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် ဒေသခံနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားကို အလေးထား စဉ်းစား၍ ဆောင်ရွက်မည် ဖြစ်သည်။

အနာဂတ် ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ ဆွေးနွေးပွဲများသည် အဖွဲ့အစည်း ကြီးခြင်း၊ သေးခြင်းထက် တန်းတူညီမျှမှုရှိကာ အသံနှင့် အခွင့်အရေးကို တူညီစွာပေးထားရမည်ဟု ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက တနင်္သာရီဒေသ နိုင်ငံရေးအတွက် ရှုမြင်သည်။ ဒေသအတွင်းရှိ မတူညီကြသည့် တိုင်းရင်းသား လူမျိုးစုများအကြား မိမိအစုအဖွဲ့အလိုက် စုစည်းပြီးမှ အားလုံးပါဝင်သော ဆွေးနွေးပွဲသို့ ပါဝင်ကာ တဖြည်းဖြည်းချင်း အဖြေရှာမှုကို လိုလားကာ ပွင့်လင်းစွာ ပြောဆိုခြင်း၊ နားထောင်ခြင်းနှင့် အချိန်ယူကာ စိတ်ရှည်စွာ အဖြေရှာကြရန် လိုလားသည်။

ဖက်ဒရယ် အနှစ်သာရအရ မတူကွဲပြားမှုကို အားသာချက်အဖြစ် ပြောင်းလဲ တည်ဆောက် ရမည် ဖြစ်ကာ ဒေသတွင်းလူမျိုးစုများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းနှင့် ဘိုးဘွားဘီဘင် သမိုင်းရှိသည့် ပထဝီနယ်မြေ ဖြစ်တည်မှုကို အပြန်အလှန် အသိအမှတ်ပြု လေးစားရန် လိုလားသည်။ ဗဟိုမှ ချုပ်ကိုင်လိုမှုထက် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ခိုင်မာစေသည့် ဖက်ဒရယ်စနစ် တည်ဆောက်ရမည်ဟု ယုံကြည်ကာ ယင်းသည် ၂၀၂၀ ရွေးကောက်ခံ ကိုယ်စားလှယ်များဘက်မှ ယခင် ကျင့်သုံးခဲ့သည့် အုပ်ချုပ်ရေး မြေပုံအပေါ် အခြေခံသည့် စဉ်းစားချက်နှင့် ကွဲလွဲသည်။ ကေအဲန်ယူက အနာဂတ် နယ်မြေအကန့်အသတ်များနှင့် အုပ်ချုပ်ရေးစနစ် အသေးစိတ်ကို လူမျိုးစုများ၏ ပထဝီနယ်မြေ သေချာမှုအပေါ် အခြေခံ၍ အဆင့်ဆင့် ပြန်လည်ဆွေးနွေး အဖြေရှာရမည် ဖြစ်သည်ဟုလည်း ဆိုထားသည်။ ကေအဲန်ယူ တပ်မဟာ (၄) နှင့် NUG တနင်္သာရီတိုင်းစစ်ဒေသတို့အကြား Brigade Command Team – BCT ဖွဲ့စည်း၍ စစ်ရေး၊ တော်လှန်ရေး ကိစ္စကိုသာ ပူးပေါင်း ဆောင်ရွက်ကာ နိုင်ငံရေးကိစ္စများ မပါဝင်ကာ NUG ဘက်မှ ၎င်းဒေသတွင် နိုင်ငံရေး ဆုံးဖြတ်ပေးနိုင်သည့် တာဝန်ခံထက် စစ်ရေးဆိုင်ရာတာဝန်ခံများကို အဓိကတာဝန် ပေးထားသည်။

ကော့သောင်းခရိုင် နိုင်ငံရေးအင်အားစု (KDPO) သည် တနင်္သာရီဒေသ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုထက် ကော့သောင်းဒေသကို အခြေပြုကာ ဒေသတွင်း လူနည်းစုများ ထဲမှ လူနည်းစု ဖြစ်နေသည့် တိုင်းရင်းသားနှင့် လူမျိုးစု (မော်ကင်း/ဆလုံ၊ ပသျူး၊ ဂေါ်ရခါး၊ ပန်ချာပီ၊ မလိဝမ်း ရှမ်း စသည်) တို့အတွက် သာတူညီမျှမှု ရရှိစေမည့် မူဘောင်ဖြင့် ဖက်ဒရယ်စနစ်ကို ချဉ်းကပ်သည်။ အောက်ခြေ လူထုအသံ ပါဝင်အောင် မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ဖက်ဒရယ်ယူနစ်ဆင့်အထိ တည်ဆောက်လိုကာ

မူဝါဒကောင်းခြင်းအပြင် ရိုးသားမှုနှင့် ပွင့်လင်းမှု လိုအပ်သည်ဟု ဆိုသည်။ ဗမာလူမျိုး အများစု ရှိသည့် စစ်ကိုင်း၊ မကွေး၊ မန္တလေးဒေသ ယူနစ်တည်ဆောက်မှု ပုံစံများကို ဒေသတွင်း ပုံစံတူ မကျင့်သုံးနိုင်ဘဲ ဒေသ၏ မတူကွဲပြားသည့် သွင်ပြင်ကို အခြေခံ၍ နိုင်ငံရေးအတွက် ညှိနှိုင်းပေးရမည် ဖြစ်ကာ မော်ကင်း/ဆလုံကဲ့သို့သော တိုက်ရိုက် ပါဝင်ရေး ခက်ခဲသည့် လူနည်းစုများအတွက် အသံထွက်ပေးမည့် ကိုယ်စားလှယ်က ကြားခံနည်းဖြင့် ၎င်းတို့ အခွင့်အရေးကို ဖော်ထုတ်ပေးရမည်ဟု KDPO က ယုံကြည်သည်။ KDPO သည် စစ်ရေးအရ MOD/PDF/ပကဖတို့နှင့် လက်တွဲဆောင်ရွက်ကာ နိုင်ငံရေးအရ ဆွေးနွေးမှုများအား ကေအဲန်ယူ မြိတ်-ထားဝယ်ခရိုင် တာဝန်ရှိသူများနှင့်သာ တိုက်ရိုက်ညှိနှိုင်းသည်။ ယင်းဒေသတွင် ကေအဲန်ယူ သည် စစ်ရေးအရ စခန်းချထားမှုများ ရှိသော်လည်း နိုင်ငံရေးကိုမူ ဗဟိုကသာ ဆုံးဖြတ်၍ ဒေသတွင်း နိုင်ငံရေးဆွေးနွေးမှုများ မပြုလုပ်ရသေးပေ။

တနင်္သာရီဒေသတွင် ထားဝယ်အင်အားစု (ဥပမာ - TNF) က အမျိုးသားရေး/လူမျိုးရေး အခြေခံ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံရေး စဉ်းစားမှုကို အခြေခံသော်လည်း မြိတ်ခရိုင် နိုင်ငံရေးအင်အားစုနှင့် အခြားအင်အားစု များသည် ပထဝီနယ်မြေကို အခြေခံ စဉ်းစားနေကြသည်။ ဒေသတွင်း လက်နက်ကိုင် လမ်းစဉ် လိုက်သူနှင့် နိုင်ငံရေးအရ သွားလိုသူဟူ၍ ကွဲပြားမှု၊ ပါတီနှင့် လွတ်တော်အမတ်များအကြား အထက်မှ အောက် (Top-Down) ဦးဆောင်လိုခြင်းနှင့် အောက်ခြေမှ အထက် (Bottom-Up) ဆိုသည့် ပြည်သူ့အသံ ပါဝင်စေလိုမှုပုံစံ များ ကွဲပြားစွာ ရှိနေသည်။ တော်လှန်ရေးအင်အားစုများဘက်မှ လက်နက်ကိုင်လမ်းစဉ် ရွေးချယ်ခဲ့ရသည့် ပကတိဖြစ်စဉ် တစ်ရပ်လုံးကို ပြန်လည်ခြုံငုံသုံးသပ်ရန် မြိတ်ခရိုင် နိုင်ငံရေးအင်အားစုက

အကြံပြုထားကာ မူဘောင်တစ်ရပ်တည်းအား ကိုင်စွဲထားမှုမှာ အကောင်းဆုံး ဖြစ်သည်ဟု မယူဆကြရန်လည်း နှိုးဆော်ထားသည်။ ယူနစ်တည်ဆောက်ရေးအတွက် အခြားအင်အားစုများနှင့် အလျှော့အတင်း ပြုလုပ်ကာ မတူညီသည့် စဉ်းစားချက်များအား လေးစား၍ ခေါင်းဆောင်မှုတာဝန်ယူထားသူများအကြား အပြန်အလှန် လက်ခံအသိအမှတ်ပြုရန်၊ ဘုံရန်သူ မပျောက်ရေးနှင့် မချင်းချင်းကြား မညှဉ်တမ်မူ ပဋိပက္ခကို ရှောင်ရှားရန်၊ စိုးမိုးနယ်မြေ ရလာချိန် ပြည်သူ့ဝန်ဆောင်မှုနှင့်အတူ ကာကွယ်မှု ပေးရန်၊ နိုင်ငံရေးအရ အမီလိုက်ရန်၊ TFUCC နှင့် KNU တပ်မဟာ (၄) သို့သော အင်အားစုများနှင့် မဟာမိတ်ဆက်ဆံရေး တည်ဆောက်၊ အဖြေရှာရန် အကြံပြုထားသည်။ TPC နှင့် ကျောင်းသားများသမဂ္ဂ ကွန်ရက်တို့၏ တိုင်းအဆင့် စုစည်းမှုရပ်တန့်သွားခြင်းသည် ပထဝီအခြေခံသည့် ခရိုင်အလိုက် စုစည်းမှုကသာ နိုင်ငံရေးအရ ပိုမိုခိုင်မာ ထိရောက်မည်ဟု ယူဆထားကြသည်။

သုတေသနအတွက် မွန်နိုင်ငံရေးအင်အားစုများအတွင်းမှ တွေ့ဆုံမေးမြန်းခဲ့သူမှတ်ချက်အရ တနင်္သာရီဖက်ဒရယ်ယူနစ် ပေါ်ပေါက်စေလိုသူ ရှိသလို ပြည်နယ်တစ်ခုခုအောက်တွင် ဝင်စေလိုသူများ ရှိနေသည်။ သို့သော် တနင်္သာရီဒေသ၌ အောက်ခြေမှ အထက် (Bottom-Up) ဖက်ဒရယ်စနစ် ဖြစ်ထွန်းရေးကို အဆိုပြုသည်။ မွန်ပြည်နယ်က သွားမည့် ဖက်ဒရယ်စနစ်ပုံစံအား တနင်္သာရီဒေသတွင် အကောင်အထည်ဖော်ရေးအတွက် အခင်းအကျင်း မတူညီမှုများကို ထည့်သွင်းစဉ်းစားရမည်ဟု သတိပေးထားသည်။

တနင်္သာရီ၏ နိုင်ငံရေးကို ဖော်ဆောင်ရာတွင် ပျံ့နှံ့နေထိုင်မှုကြောင့် ဒေသခံ မွန်နိုင်ငံရေးအင်အားစုမှာ အားကောင်းမှုမရှိသေးသော်လည်း သမိုင်းကြောင်းအရ ပါဝင်မှု၊ လူဦးရေနှင့် နယ်မြေထိစပ်မှုများကြောင့် မွန်နိုင်ငံရေးအင်အားစုများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မှုကို အကြံပြုသည်။

မွန်နိုင်ငံရေး အင်အားစုများ

တနင်္သာရီဒေသသည် မွန်ပြည်နယ်နှင့် ဆက်စပ်ကာ မွန်အသိုင်းအဝိုင်းလည်း ဒေသတွင်း နေထိုင်ကြသည်။ နယ်ချဲ့ကပ်ဖြစ်၍ နှစ်ဖက်ဒေသ အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်မှုသည် အပြန်အလှန် အမှီသဟဲ ပြုသည်။ မွန်တို့သည် မည်သည့်နေရာတွင်ပင် ရောက်စေ သမိုင်းအစဉ်အလာ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းမှုဖြင့် နိုင်ငံရေး လှုပ်ရှားမှုများ အား ပုံစံတစ်ခုအနေဖြင့် လုပ်ဆောင်သည်။ တော်လှန်ရေးကာလ ဖြစ်၍ မွန်အဖွဲ့အစည်း များသည် တနင်္သာရီဒေသတွင်းရှိ ရေး၊ ထားဝယ် စသည့်ဒေသများ၌ စစ်ရေး၊ နိုင်ငံရေး၊ လူသားချင်းစာနာမှု (ကျန်းမာရေး/ ကူညီကယ်ဆယ်ရေး) ဝန်ဆောင်မှုများ ပေးလျက် ရှိသည်။ တနင်္သာရီဒေသအတွင်း မွန်တော်လှန်ရေးအင်အားစုအနေဖြင့် NMSP၊ NMSP-AD၊ MSRF နှင့် RDF တို့ရှိနေသည်။ မွန်ပြည်သစ်ပါတီ၏ ခရိုင်စုဖွဲ့မှုထဲတွင် သထုံခရိုင်၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ ပါဝင်ခဲ့သည်။ ၁၉၉၅ ခုနှစ် အပစ်ရပ်သဘောတူစာချုပ် ကို သဘောမတူသဖြင့် NMSP မှ ခွဲထွက်ခဲ့သည့် တပ်ဖွဲ့မှာ ယခုအချိန်အထိ ပျောက် ကြားအသွင်ဖြင့် လှုပ်ရှားနေဆဲဖြစ်သည်။

၅။ ကြားကာလအစီအမံအပေါ် ရှုမြင်မှု

အစုအဖွဲ့နှင့် ချဉ်းကပ်မှု စုံလင်သည့် တနင်္သာရီဒေသတွင် ဖက်ဒရယ်တည်ဆောက်ရေး နှင့် ဆက်စပ်ပြီး မြေပြင်နှင့် ကိုက်ညီကာ လက်တွေ့အကောင်အထည် ဖော်နိုင်မည့် ကြားကာလအစီအမံ တစ်ရပ် လိုအပ်ကြောင်း တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်သူတိုင်းက ဆိုကြသည်။

TNF သည် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးကတည်းက ဒေသ (ထားဝယ်၊ မြိတ်၊ ကော့သောင်း) အား ပြည်နယ်အဆင့် ဖက်ဒရယ်ယူနစ် အဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းခဲ့သော်လည်း လက်တွေ့တွင် မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် ထားဝယ်

အင်အားစုအနေဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကိုသာ ဦးစားပေးလုပ်ဆောင်ရန် ပြောင်းလဲစုဖွဲ့ခဲ့သည်။ NLD ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ အဓိက ဦးဆောင် နေသည့် ကြားကာ ဖက်ဒရယ်ယူနစ် ရေးဆွဲရေး လုပ်ငန်းစဉ်၌ မပါဝင်ကြောင်း ထုတ်ပြန်ခဲ့ကာ လက်တွေ့မကျ ခြင်း၊ လက်ရှိ အခြေအနေ (စစ်ရေး/နိုင်ငံရေး) ပြောင်းလဲလာနေခြင်းကြောင့် ဖြစ်သည်။ မည်သူ ဦးဆောင်သည် ဆိုသည်ထက် ရေးဆွဲရေးလုပ်ငန်းစဉ်၏ လက်တွေ့အလုပ်ဖြစ်မှု၊ ဒေသခံများအသံ အမှန်တကယ် ကိုယ်စားပြု ထင်ဟပ်မှု ရှိ/မရှိ အချက်အပေါ်၌သာ အဓိကထား စောင့်ကြည့်သည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးက NLD အမတ်/NUG က တနင်္သာရီနိုင်ငံရေးအင်အားစုများနှင့် ဆွေးနွေးကာ ကြားကာလ အစီအမံနှင့် နိုင်ငံရေးကိစ္စရပ်များအား စုစည်းနိုင်ရေး ကြိုးပမ်းမှုအပေါ် အများအားဖြင့် လက်မခံကြသည့်အတွက် စုစည်းမှု မရရှိခြင်းဟု သုံးသပ်သည်။ KNU နှင့် NUG သို့သော အင်အားကြီးနှစ်ဖွဲ့သဘောတူရုံဖြင့် အားလုံးလက်ခံမည်၊ ပြီးစီးမည်ဆိုသည့် အယူအဆမျိုးဖြင့် အနာဂတ်နိုင်ငံတည်ဆောက်ရေး အား ချဉ်းကပ်ပါက မသင့်လျော်သလို အခြားသူများလည်း လက်ခံမည် မဟုတ်ကာ အစုအဖွဲ့ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အခွင့်အရေးနှင့် အသံ အတူတူပေးရမည်ဆိုသည့် မူအား KNU က ကိုင်စွဲထားသည်။ NLD/လွှတ်တော်ကိုယ်စားလှယ်/NUG ဘက်မှ ကြားကာလအစီအမံရေးဆွဲရေး ကြိုးစားမှုများ ရှိသော်လည်း ဒေသတွင်း နိုင်ငံရေးအင်အားစုများဘက်မှ လက်ခံခြင်း ရှိ/မရှိကို ထုတ်ဖော်ထားခြင်း မရှိသလို သီးသန့် မေးမြန်း နိုင်ခြင်း မရှိသေးသည့်အတွက် အသေးစိတ် အတိအကျ ပြောရန် မဖြစ်နိုင်သေးကြောင်း ဖော်ပြထားသည်။

NLD ဗဟိုအလုပ်ကော်မတီနှင့် CRTH တို့က ဒေသတွင်း နိုင်ငံရေးအင်အားစုများ၊ သပိတ်အဖွဲ့များ၊ အရပ်ဘက် အဖွဲ့များအား တွေ့ဆုံ၊ ဆွေးနွေးမှု မရှိဘဲ ကြားကာလ အစီအမံ ရေးဆွဲရေးတွင် တနင်္သာရီအင်အားစုများ ပါဝင်သည်ဟု တစ်ဖက်သပ်

သတင်းထုတ်ပြန်ခဲ့မှုကြောင့် KDPO က ယင်းဖြစ်စဉ်အား ငြင်းဆန်ထားသည်။ ထို့ပြင် လွှတ်တော်အမတ်များက ရွေးကောက်ခံဆိုသည့် တရားဝင်မှုတစ်ခုတည်းဖြင့် အရပ်ဘက်/တော်လှန်ရေးအင်အားစုများ စုစည်းထားသည့် မူကြမ်း/ကုန်ကြမ်းများ မပါဘဲ တစ်စုတစ်ဖွဲ့တည်းက သီးသန့်ရေးဆွဲ တစ်ဖက်သပ် ပြဋ္ဌာန်းခြင်းသည် အာဏာရှင်ပုံစံသို့ ရောက်ရှိနိုင်သည်ဟု သုံးသပ်သည့်အတွက် CRTH ၏ လုပ်ဆောင်မှုကို ရပ်ဆိုင်းရန်နှင့် ဒေသတွင်းအင်အားစုများ (တော်လှန်ရေး/အရပ်ဘက်/လူထု) အားလုံးပါဝင်ရေးဆွဲသည့် စနစ် ကသာလျှင် ဖက်ဒရယ်ဒီမိုကရေစီ သွင်ပြင်လက္ခဏာနှင့် ကိုက်ညီမည်ဟု တောင်းဆိုထားသည်။

NLD အများစု ပါဝင်သည့် ကြားကာလ အစီအမံ ရေးဆွဲရေးလုပ်ငန်းစဉ်သည် တိုင်းတွင်းရှိ ပါဝင်သင့် ပါဝင်ထိုက်သော အင်အားစုများ (တော်လှန်ရေး/နိုင်ငံရေး) အားတရားဝင် အသိပေး ချပြခြင်း မရှိဘဲ ဆောင်ရွက်ခဲ့ခြင်း၊ ဒေသတွင်း အင်အားစုများ၏ လက်ရှိ နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ပကတိအခြေအနေကို လျစ်လျူရှု၊ မထီမဲ့မြင် ပြုရာရောက်သည်ဟု သတ်မှတ်သည်။ ဒေသတွင်းနိုင်ငံရေးကို အားလုံးပါဝင်ခွင့် မရှိဘဲ တစ်စုတစ်ဖွဲ့မှ လက်ဝါး ကြီးအုပ်ပြဋ္ဌာန်းခြင်းထက် ဒေသတွင်းပြည်သူနှင့် အင်အားစု အသီးသီးက ဆုံးဖြတ်ရမည်ဟူသည် ရပ်တည်ချက် ထားသည်။

တနင်္သာရီဒေသတွင်းရှိ မွန်ပြည်သူများအတွက် မွန်အရေး လုပ်ဆောင်နေသည့် ဖြေကြားသူက တနင်္သာရီဒေသ နိုင်ငံရေးထက် မွန်အင်အားစုများ ဆောင်ရွက်ထားမှုကိုသာ အဓိကထား ဆွေးနွေးသည်။ လက်ရှိတွင် မွန်တော်လှန်ရေးပဋိညာဉ် ရေးဆွဲနေကာ အနာဂတ် ပြည်နယ်/ယူနစ်အစိုးရချင်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးယန္တရားကိစ္စအား မွန်ပြည်နယ် အတိုင်ပင်ခံကောင်စီမှတဆင့် ရေးဆွဲနေပြီ

ဖြစ်သည်။ ပဋိညာဉ်၌ တော်လှန်ရေးအဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့် မွန်ပြည်နယ် တည်ဆောက်ရေးဆိုင်ရာ အနာဂတ်မူဝါဒများ ပါရှိသည်။ ထို့ပြင် နယ်မြေအငြင်းပွားမှု သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပါက ဖြေရှင်းနိုင်မည့် ကောင်စီ/ကော်မတီများ ဖွဲ့စည်းရန်လည်း ဆွေးနွေးထားကြပြီး ဖြစ်သည်။

တနင်္သာရီဖက်ဒရယ်ယူနစ် ဖော်ဆောင်ရေးကော်မတီ (Tanintharyi Federal Unit Constructive Council – TFUCC)

မျက်မှောက် မြန်မာနိုင်ငံ၏ တော်လှန်ရေး၊ နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲဖြစ်ပေါ်မှုများနှင့်အတူ ဒေသတွင်းလူထု၏ ဆန္ဒဖြစ်သော တန်းတူညီမျှခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံနိုင်သော ဖက်ဒရယ်ယူနစ် တည်ဆောက်ရေးအတွက် ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ခရိုင်နိုင်ငံရေးအင်အားစုနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ CDM နိုင်ငံ့ဝန်ထမ်းအဖွဲ့များ၊ သမဂ္ဂနှင့် လူငယ်/အမျိုးသမီးအဖွဲ့အစည်းများက နွေဦးတော်လှန်ရေး အစောပိုင်းကာလကတည်းက စတင်ကြိုးပမ်းခဲ့သည်။ ဘုံရည်မှန်းချက်တူညီသည့် အင်အားစုများဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ – ၅ ရက်အတွင်း မြေပြင်နှင့် အွန်လိုင်းပေါင်းစပ်ထားသည့် စုံညီအစည်းအဝေးမှတဆင့် အဖွဲ့အစည်း (၁၂) ဖွဲ့ ပါဝင်သည့် တိုင်းအဆင့် နိုင်ငံရေး စုစည်းမှုအဖြစ် "တနင်္သာရီဖက်ဒရယ်ယူနစ် ဖော်ဆောင်ရေးကော်မတီ" (Tanintharyi Federal Unit Constructive Council - TFUCC) ကို ဖွဲ့စည်းသည်။

ဖွဲ့စည်းမှုအပေါ် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူအဖွဲ့အစည်း)၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ လွတ်လပ်သော CDM နိုင်ငံ့ဝန်ထမ်းထုအဖွဲ့အစည်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ - CRPH ၊ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီတို့က သဝဏ်လွှာ ပေးပို့ခဲ့သည်။

တနင်္သာရီဖက်ဒရယ်ယူနစ် ဖော်ဆောင်ရေးကော်မတီ (ဆက်)

ကောင်စီအနေဖြင့် ယူနစ်ပေါ်ထွန်းရေး အဓိကလိုအပ်ချက်ဖြစ်သော "ကြားကာလ အစီအမံ" အား ပြည်သူ့ဆန္ဒနှင့် အညီ ပိုမိုစနစ်တကျ ပြန်လည်စတင်နိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန် (TOR) အသစ်ကိုလည်း ပြင်ဆင်ရေးဆွဲနေပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

TFUCC သည် တိုင်းဒေသတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့ရသည့် ဒေသခံများအတွက် ပြည်တွင်းပြည်ပမှ အကူအညီများအား လက်ခံပေးကာ လိုအပ်သော ပံ့ပိုးမှုများအား ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

ဒေသတွင်း တော်လှန်ရေး၊ နိုင်ငံရေးအင်အားစုများအားလုံး ပူးပေါင်းပါဝင်လာရေးကို အလေးအနက်ထား ဆောင်ရွက်မည်ဟု TFUCC က ကြေညာထားသော်လည်း ဒေသအခြေပြုအင်အားစုများနှင့်မူ ညှိနှိုင်းနေရဆဲ ဖြစ်သည်။ ဒေသတွင်း မွန်အင်အားစု (ဥပမာ မွန်ပြည်ဖက်ဒရယ်ကောင်စီ - MSFC) အား စောင့်ကြည့်လေ့လာသူအဖြစ်သာ ကမ်းလှမ်းခဲ့သဖြင့် MSFC ဘက်မှ ပါဝင်လာခြင်းမရှိသေးပေ။

၆။ ဒေသတွင်း အစုအဖွဲ့များ၏ ဝိသေသလက္ခဏာ

သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာအရ အစဉ်အလာရှိသော်လည်း သမိုင်းအဆက်ဆက် ဗမာတိုင်းရင်းသားထဲက တစ်မျိုးအဖြစ် ရှုမြင်ခံရကာ ထားဝယ်အဖြစ် အသိအမှတ်ပြုမခံရသည့် အတွေ့အကြုံများ ရှိသည်ဟု TNF က ဆိုသည်။ ထားဝယ် အမျိုးသားရေး စိတ်ဓာတ်နှင့် ခံယူချက်သည် အာဏာမသိမ်းမီကတည်းက ဒေသခံများအကြား ကိန်းဝပ်နေကာ အာဏာသိမ်းပြီးနောက်ပိုင်း ဒေသတွင်းလူထု

ဒုက္ခရောက်ချိန် "ငါတို့ (ထားဝယ်) အတွက် ဘယ်သူက ကိုယ်စားပြု ပြောဆိုမှာလဲ" ဆိုသည့် မေးခွန်းနှင့် လိုအပ်ချက်များ ထွက်ပေါ်လာသည်။ အာဏာရှင်စနစ် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ကြသော်လည်း ဒေသတွင်း သယံဇာတ ပျက်စီးယိုယွင်းမှု၊ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းရန်ကြောင့် ပြည်သူများ တိုက်ရိုက်ကြုံတွေ့နေရသည့် အတိဒုက္ခများကို "ကိုယ့်အရေး" အဖြစ် တာဝန်ယူ ဆောင်ရွက်ပေးနိုင်မည့် ဦးဆောင်မှု လိုအပ်နေသည့်အတွက် တစ်သီးပုဂ္ဂလ သို့မဟုတ် ကွဲပြားနေသည့် စုဖွဲ့မှုများထက် လူထုနှင့် အဖွဲ့အစည်းကို အခြေပြုသည့် နိုင်ငံရေးပုံစံဖြင့် စနစ်တကျ တုံ့ပြန်ဆောင်ရွက်ရန် TNF အဖြစ် စုစည်းမိခြင်း ဖြစ်သည်။

ကရင်အမျိုးသားအစည်းအရုံး - KNU သည် ၂၀၂၁ ခုနှစ်မှစ၍ Bottom-up ဖက်ဒရယ်စနစ်ဖြင့် ခရိုင်/တပ်မဟာ (၇) ခု ပါဝင်သည့် "ကော်သူးလေ ဖက်ဒရယ်ယူနစ်" ကို တည်ထောင်မည့်ပုံစံဖြင့် လှုပ်ရှားနေကာ တနင်္သာရီ၏ မြိတ်-ထားဝယ်ဒေသသည် တပ်မဟာ (၄) နယ်မြေတွင် ပါဝင်နေသည်။ ထို့ကြောင့် တနင်္သာရီ ဖက်ဒရယ်ယူနစ် တည်ဆောက်ရေး ဆွေးနွေးပွဲများ၌ ပါဝင်နေကာ ကော်သူးလေနှင့် တနင်္သာရီ ဖက်ဒရယ်ယူနစ် နယ်မြေထပ်နေသည်ကိစ္စအပေါ် အဖွဲ့အစည်းတစ်ခုတည်းက ဆုံးဖြတ်ခြင်းထက် ကရင်ပြည်သူနှင့် တနင်္သာရီ တိုင်းရှိ တိုင်းရင်းသားပြည်သူလူထု အသံကို နားထောင်၍ ဆွေးနွေးအဖြေရှာမည်ဆိုသည့် နိုင်ငံရေးသဘောထား ရှိသည်။

ကော့သောင်းခရိုင်သည် နယ်စပ်ကုန်သွယ်ရေးမြို့ ရှိရာ ဒေသဖြစ်သော်လည်း ခေတ်အဆက်ဆက် အစိုးရဌာန များတွင် ဝန်ထမ်းများအတွက် ရာထူးတိုး/ပြောင်းရွှေ့စာများမှာ အခြားဒေသများထက် နောက်ကျခြင်း၊ လဝကတွင် ဇည့်ကတ်/မှတ်ပုံတင်အတွင်လာဘ်ထိုးရခြင်း၊ နှစ် ၄၀-၆၀ ကျော် နေလာသည့် အစွဲလာမ်၊ ပန်ချာပီ၊

ဂေါ်ရခါးနှင့် ပသျူးကဲ့သို့သော လူနည်းစုများမှာ ဇည့်နိုင်ငံသားအဖြစ်သာ နေရခြင်း၊ မြေစာရင်း ၁၀၅ ပုံစံများ မရရှိခြင်းစသည့် ခွဲခြားဆက်ဆံခံရမှုများကို ဒေသတွင်းပြည်သူများ အတူတကွ ခံစားခဲ့ရကြသည်။ ယင်းကပင်လျှင် အာဏာရှင်စနစ်နှင့် ယင်းမှ ထွက်ပေါ်လာမည့် မည်သည့်အာဏာရှင်စနစ်ကိုမဆို မဖြစ်မနေ တိုက်ထုတ်ရမည် ဆိုသည့် ခံယူချက်ကို ခိုင်မာစေသည်။ အထက်မှ အမိန့်ပေးစနစ်ကို မလိုလားကာ အောက်ခြေပြည်သူ့ တောင်းဆိုချက်အတိုင်း တက်လှမ်းရမည်ဟူသည့် စဉ်းစားချက်ဖြင့် ကော့သောင်းခရိုင်နိုင်ငံရေးအင်အားစုအား စုစည်းမိကြခြင်း ဖြစ်သည်။ ဒေသတွင်း နိုင်ငံရေးအင်အားစုဝင်များမှာ စားဝတ်နေရေးအတွက် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းအလုပ်လုပ်ကြခြင်း၊ ကျန်းမာရေးနှင့် လုံခြုံရေးအခက်အခဲကြောင့် လူအင်အား လျော့နည်းခြင်း၊ မြေပြင် တိုက် ခိုက်ရေးအင်အားစု၌ နိုင်ငံရေးဆိုင်ရာ ခံနိုင်ရည်အား နည်းပါးခြင်းများကြောင့် အင်အားစု ပိုမိုခိုင်မာရေးမှာ ခက်ခဲနေဆဲ ဖြစ်သည်။ KDPO ၌ ပူးပေါင်းပါဝင်သော်လည်း ဘာသာစကားနှင့် ယဉ်ကျေးမှုအရ ကိုယ်စားလှယ်မှ တဆင့် ဒေသခံပြည်သူအသံ ထွက်ပေးနေကာ မူဝါဒများ၌လည်း ရရှိသင့်သည် အခွင့်အရေးများကိုလည်း ထည့်သွင်းထားသည်။

တနင်္သာရီဒေသတွင်းရှိ မွန်နိုင်ငံရေး အစုအဖွဲ့ ဆိုသည်ထက် စာပေ၊ ယဉ်ကျေးမှုနှင့် လူမှုရေးအခြေခံဖြင့်သာ စုဖွဲ့ထားနိုင်သည်။ ဒေသတွင်း မွန်ပြည်သူများသည် တနင်္သာရီဖက်ဒရယ်ယူနစ် ဖြစ်တည်ရေး ကြိုးပမ်းမှုကို ထောက်ခံကာ Bottom-Up ဖက်ဒရယ်စနစ်ကို အဓိကထားကာ အောက်ခြေရှိ အစုအဖွဲ့ဖြင့် ယူနစ်ခိုင်မာ အားကောင်းအောင် တည်ဆောက်သင့်သည်ဟု အကြံပြုသည်။ ဘုံရန်သူနှင့် ဘုံရည်မှန်းချက်ဖြစ်သည့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးနှင့် ဒေသကာကွယ်ရေးသည် အင်အားစုအားလုံး၏ အဓိကလုပ်ငန်းစဉ်ဖြစ်ကာ

နိုင်ငံရေးသဘောထား ကွဲလွဲချက်များကို အချိန်ပေး၍ လုပ်ငန်းစဉ်များ ချမှတ်ကာ ဆက်လက် ညှိနှိုင်းဆွေးနွေး အဖြေရှာရမည်ဟု ယုံကြည်သည်။

၇။ သယံဇာတပြဿနာအပေါ် ရှုမြင်မှုများ

တနင်္သာရီဒေသသည် ခဲမဖြူ၊ အဖြိုက်နက်၊ ရွှေနှင့် သံ၊ ကျောက်မီးသွေး စသည့် ဓာတ်သတ္တုများအပြင် ကမ်းလွန် သဘာဝဓာတ်ငွေ့ စိမ်ကိန်းများ၊ ရေနှင့် ဇီဝမျိုးစုံမျိုးကွဲ၊ အဖိုးတန် အပူပိုင်းမိုးသစ်တာတောနှင့် ဒီရေတောကဲ့သို့သော သဘာဝသယံဇာတများစွာ ရှိသည့် ဒေသတစ်ခု ဖြစ်သည်။ ဒေသ၏ သယံဇာတ ပေါကြွယ်ခြင်းကပင်လျှင် ဒေသ၏ အဓိကပြဿနာဖြစ်ပြီး ဖက်ဒရယ်ယူနစ်တည်ဆောက်ရေး လုပ်ငန်းစဉ်၌ နိုင်ငံရေးနှင့် ချိတ်ဆက်ဖြေရှင်းရမည်ဖြစ်ကာ အစုအဖွဲ့အသီးသီးတွင် ၎င်းအပေါ် မတူညီသော သဘောထားများ ရှိသည်။

ထားဝယ်အမျိုးသားအဖွဲ့ချုပ် - TNF သည် အဖွဲ့အစည်းအားဖြင့် စတင်တည်ဆောက်ဆဲအဆင့်တွင်ပင် ရှိသော်လည်း သယံဇာတ ထုတ်ယူမှု စောင့်ကြည့်လေ့လာရေး ယန္တရားများ တည်ဆောက်ထားသည်။ သယံဇာတ ထုတ်ယူမှုများသည် ကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုထားသည့် ပုံစံမျိုးဖြင့် လုပ်ဆောင်ရန် လိုအပ်ကာ ယင်းမှ ရရှိလာမည့် အခွန်အခများ သုံးစွဲမှုသည် ဒေသခံပြည်သူများ သဘောထားအား အလေးထားသည့် လမ်းစဉ်ဖြင့် သုံးစွဲရန် ပြင်ဆင်ထားသည်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စားနပ်ရိက္ခာသို့သော လူသားချင်းစာနာမှုဆိုင်ရာ ဝန်ဆောင်မှုများ၌ ပိုမိုအာရုံစိုက်သွားမည် ဖြစ်သည်။ ကေအဲန်ယူ သို့သော အခြားအဖွဲ့အစည်းများ၏ နယ်မြေနှင့် ထိစပ်သည့် ဒေသများ၌ အဖွဲ့အစည်းသဘောထားတစ်ခုတည်းဖြင့် မဟုတ်ဘဲ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကြိုတင် ညှိနှိုင်းဆွေးနွေးပြီးမှသာ

ဝန်ဆောင်မှု ပေးမည်ဟု ဆုံးဖြတ်ထားသည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ လက်ရှိ သွားနေသည့် နိုင်ငံရေး လမ်းကြောင်းတွင် အခွန်နှင့် သယံဇာတကိစ္စအတွက် ဗဟိုအဆင့် ဖက်ဒရယ် တည်ဆောက်ပုံအထိ အသေးစိတ် မဆွေးနွေးထားသော်လည်း မူရှိပြီး ဖြစ်သည်။ ယခင် အစိုးရများလက်ထက်ကဲ့သို့ ဘဏ္ဍာရေးနှင့် အခွန်ကိစ္စအား ဗဟိုက ချုပ်ကိုင်ကာ ဒေသအတွက် ဘာမှ မကျန်သည့် ပုံစံမျိုးဖြင့် သွားမည်ကို ငြင်းပယ်ကာ အနာဂတ် ဗဟို အစိုးရအနေဖြင့် ဖက်ဒရယ် ယူနစ်များ၏ လုပ်ပိုင်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခိုင်အမာပေးကာ ဗဟိုထိန်းချုပ်မှုကို လျော့ချရမည်ဟု အဆိုပြုထားသည်။

ကော့သောင်းခရိုင် ဘုတ်ပြင်းတွင် ခဲမိုင်းများ ရှိကာ ရေလုပ်ငန်းများ၊ ရေနံချောင်း-ကော့သောင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ရှိသည်။ ကော့သောင်းခရိုင် နိုင်ငံရေးအင်အားစုအနေဖြင့် အုပ်ချုပ်ရေးယန္တရား စနစ်တကျ မလည်ပတ်နိုင်သေးခြင်း၊ စိုးမိုးနယ်မြေ မရှိသေးသည့်အတွက် တရားဝင် ပုံစံဖြင့် အခွန်ကောက်ခံခြင်း မရှိဘဲ ရေလမ်းကြောင်းနှင့် လမ်းဂိတ်များတွင် ဒေသခံ PDF/ပကဖများက ရန်ပုံငွေသို့မဟုတ် စစ်ဆေး ဒဏ်ရိုက်သည့် နည်းလမ်းများဖြင့် ကောက်ယူမှုများ ရှိသည်။ အခွန်/သယံဇာတကိစ္စသည် စနစ်ကျသည့် အုပ်ချုပ်ရေးယန္တရားနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်များ ရေးဆွဲပြီးမှသာ နိုင်ငံရေးအရ ကိုင်တွယ်ဖြေရှင်းနိုင်မည့် ကိစ္စရပ်ဟု ရှုမြင်ကြသည်။

တနင်္သာရီဒေသ၏ သယံဇာတ ပေါကြွယ်ခြင်းနှင့် တော်လှန်ရေးကာလ တရားဥပဒေ စိုးမိုးမှု အားနည်းခြင်းကြောင့် "သယံဇာတကျိန်စာ" သင့်နေသည်ဟု မြိတ်ခရိုင် နိုင်ငံရေးအင်အားစုက သုံးသပ်သည်။ ဒေသတွင်း လက်နက်ကိုင်ထားကြသည့်

NUG၊ EAOs နှင့် LPDF တို့က သီးခြားမူဝါဒနှင့် အခွန်ယန္တရားများအပြင် ထိန်းချုပ်မှု ရောထွေးနေသည့် နယ်မြေ (Mixed Control Areas) ရှိနေခြင်းကြောင့် ဒေသခံ ပြည်သူများ ကြားညှပ် ထိခိုက်နစ်နာရမှုများအား ရေတို ညှိနှိုင်းရေး၊ ရေရှည် နိုင်ငံရေး စုစည်းမှုဖြင့် အဆင့်ဆင့်ဖြေရှင်းရန် စီစဉ်ထားသည်။ ရေတိုအနေဖြင့် ထိန်းချုပ် နယ်မြေ ကွဲပြားနေမှု (အကြမ်းဖက်စစ်အုပ်စု၊ NUG၊ EAOs နှင့် ရောထွေးနယ်မြေ များ) ကို အသိအမှတ်ပြုကာ သယံဇာတနှင့် အခွန်ပြဿနာဆိုင်ရာ လူထုအသံကို စုစည်းကာ NUG နှင့် EAOs တို့အကြား ညှိနှိုင်းဆွေးနွေး အဖြေရှာမည် ဖြစ်သည်။

ရေရှည်စီမံကိန်းအဖြစ် ယင်းပြဿနာအား တနင်္သာရီဖက်ဒရယ်ယူနစ်/ပြည်နယ်၏ ဘုံ အစိုးရတစ်ရပ်၊ ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စနစ်တကျ ကောက်ခံမည့် အခွန် ဥပဒေတစ်ခု စုစည်း၊ ပြဋ္ဌာန်းနိုင်မှသာ ဖြေရှင်းနိုင်မည်ဟု ရှုမြင်ထားသည်။

ရေနက်ဆိပ်ကမ်း စီမံကိန်းများနှင့် ရုရှားအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရှိနေ ခြင်းသည် အခြားဒေသများထက် တနင်္သာရီဒေသအပေါ် အကြမ်းဖက်စစ်တပ်၏ ဖိအား ပိုမိုကြုံတွေ့စေနိုင်သည်ဟု မွန်နိုင်ငံရေးအင်အားစုများက ထောက်ပြသည်။ စစ်တမ်းအတွက် ဖြေကြားပေးသူက တနင်္သာရီဒေသအတွင်း သယံဇာတနှင့် အခွန်/ ဘဏ္ဍာကိစ္စအပေါ် ရှင်းလင်းသည့် သဘောထား ပေးမှု မရှိသော်လည်း တော်လှန်ရေး ကာလ၌အချို့သော ကိစ္စရပ်များမှာ အင်အားစုများအကြား ဆွေးနွေးရင်း ပြေလည်မှု ရ နိုင်သလို သဘောမတူညီမှုများလည်း ရှိနိုင်ခြင်း ကြောင့် တော်လှန်ရေးအပေါ် အကျိုး သက်ရောက်မှု ရှိသွားနိုင်သည်ဟု သတိပေးသည်။ အခွန်/ဘဏ္ဍာနှင့် သယံဇာတကိစ္စ ရပ်အတွက်

မွန်တော်လှန်ရေးပဋိညာဉ်၌မူ အစုအဖွဲ့များအနေဖြင့် မည်သို့ ပူးပေါင်းဆောင်ရွက် သင့်သည်ဆိုသည့် အချက်ကို ထည့်သွင်းထားကြောင်း ပြောသည်။

၈။ အနာဂတ် ဖက်ဒရယ်အပေါ် ရှုမြင်ပုံ

ဒေသတွင်း အစုအဖွဲ့အသီးသီးက ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံသည့် ယူနစ် တည်ဆောက်၊ စုဖွဲ့မှုများကို ဆောင်ရွက်သင့်သည်ဟု ရှုမြင်ကာ Bottom-Up Federalism နှင့် ပတ်သက်သည့် ဆွေးနွေးမှုများ ရှိသည်။ ၎င်းတို့၏ ဖက်ဒရယ်စနစ် လိုအပ်ရသည့် ရှုမြင်ပုံနှင့် ကြိုးပမ်းမှုပုံစံကိုလည်း တင်ပြလိုသည်။

တနင်္သာရီ ဖက်ဒရယ်ယူနစ် ဖြစ်မြောက်ရေး လေးကြိမ်ခန့် ကြိုးပမ်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့သည့် TNF က စစ်အာဏာရှင်စနစ် ကျဆုံး ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမှာ အရေးကြီးသော်လည်း အာဏာရှင် ပြုတ်ကျရုံ၊ ယူနစ်စုဖွဲ့ရုံဖြင့် ဒေသတွင်းကြုံနေရသည့် စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် သယံဇာတ တူးဖော်မှုဆိုင်ရာ အမြင်မတူသည့် ပြဿနာများ ပြေလည် သွားမည် မဟုတ်ဟု သုံးသပ်ထားသည်။ ဒေသတွင်းလူထု ကြုံတွေ့နေရသည့် ဒုက္ခနှင့် ပြဿနာများကို တာဝန်ယူ ဖြေရှင်းပေးနိုင်ရန် ထားဝယ်ပြည်သူကြမ္မာကို ကိုယ်တိုင် ဖန်တီး ဦးဆောင်နိုင်မည့်၊ လူထုနှင့် အဖွဲ့အစည်း အခြေပြုသည့် ကိုယ်ပိုင် စုဖွဲ့မှု ခိုင်မာ စွာ ရှိရန် လိုအပ်သည်ကို သင်ခန်းစာ ရထားသည်ဟု ဆိုသည်။ ဒေသအတွင်း အနာဂတ် နိုင်ငံရေး လမ်းစဉ် မတူသူ (သီးသန့်လမ်းစဉ် သွားလိုသူနှင့် ဖက်ဒရယ်ယူနစ် အသွင် သွားလိုသူ) များရှိကာ မတူညီသည့် သမိုင်းနောက်ခံနှင့် အကျိုးစီးပွားမတူသော

တိုင်းရင်းသားအင်အားစုများလည်း ရှိနေကာ မတူကွဲပြားမှုအား ပဋိပက္ခအဖြစ် မရှုမြင်ဘဲ ကြိုတင်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်သည့် အလေ့အထနှင့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး" မူကို ကျင့်သုံးရန် လိုအပ်သည်ဟု သုံးသပ်သည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးက ဒေသ/နယ်မြေအလိုက် ခိုင်မာသည့် ဖက်ဒရယ်ယူနစ်များ မရှိဘဲ ဖက်ဒရယ်ပြည်ထောင်စု ဗဟိုအစိုးရ မဖြစ်ပေါ်နိုင်ဟု ယုံကြည်သည်။ ပညာရေး၊ ဘာသာရေးနှင့် နယ်စပ်ရေးရာ ကိစ္စများအားလုံး ဗဟိုအစိုးရကသာ ကိုင်တွယ်ရမည်ဆိုသည့် အယူအဆအား စွန့်လွှတ်ရန် လိုအပ်သည်ဟုလည်း အကြံပြုထားသည်။

ကော့သောင်းခရိုင် နိုင်ငံရေးအင်အားစုကမူ ဖက်ဒရယ်မူဝါဒ ကောင်းမွန်ပြီး လူများက မရိုးသားခြင်း သို့မဟုတ် ကိုယ်ကျိုးချည်းကြည့်ပါက အာဏာရှင်မျိုးစေ့များ ဖြစ်လာနိုင်ကာ နိုင်ငံရေးအရ ရိုးသားပွင့်လင်းရန် လိုအပ်သည်ဟု ရှုမြင်သည်။ စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်သည် ဗမာလူမျိုးစုများက စုစည်းရေ လွယ်ကူသော်လည်း တနင်္သာရီသည် လူမျိုးစု စုံလင်ကာ အခြားယူနစ်တည်ဆောက်ပုံများကို တိုက်ရိုက်ကူးယူရန် မဖြစ်ဟု ဆွေးနွေး ထားသည်။ ဒေသ၏ ထူးခြားသော မတူကွဲပြားသော လက္ခဏာများကို အမှန်တကယ် လက်ခံကာ တန်းတူရေးနှင့် သာတူညီမျှရေးကို ချိန်ခွင်လျှာ ညှိနှိုင်မှသာ ဖက်ဒရယ်ယူနစ် ဖြစ်ပေါ်လာကာ အဖွဲ့အစည်းသည် ဒေသ ဖက်ဒရယ်ယူနစ် တည်ဆောက်ရေး၌ တိုက်ရိုက်ပါဝင်နိုင်သော်လည်း ပြည်ထောင်စုအဆင့်ကိုမူ ယူနစ်တစ်ခုလုံး၏ ဘုံသဘောတူညီချက်ဖြင့်သာ ရောက်ရှိမည်ဟု ခံယူထားသည်။

စစ်ကိုင်း၊ မကွေး၊ မန္တလေး ယူနစ်တည်ဆောက်မှုများသည် သင်ခန်းစာ ယူဖွယ်ဖြစ်သော်လည်း ဒေသ၏ လူမျိုးစုံလင်မှု၊ ကမ်းရိုးတန်းနှင့်

ပထဝီအနေအထား၊ လက်နက်ကိုင်အဖွဲ့ များပြားမှုကြောင့် ဒေသနှင့် ကိုက်ညီသော နိုင်ငံရေးချဉ်းကပ်မှုမျိုး လိုအပ်သည်ဟု မြိတ်ခရိုင် နိုင်ငံရေးအင်အားစုက သုံးသပ်သည်။ အခြားဒေသများထက် ယူနစ်ဖြစ်မြောက်ရေး နောက်ကျမှု၊ ပိတ်ဆို့မှုများကြောင့် ဒေသတွင်း မတူကွဲပြားမှုများအား နိုင်ငံရေးအရ အဖြေ မရှာနိုင်သေးကာ စိတ်ရှည်စွာဖြင့် အားလုံးပါဝင်သော နည်းနာဖြင့် အဖြေရှာမှုကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသည်ဟု ရှုမြင်သည်။

နိုင်ငံအတွင်း ပြန့်ကျဲစွာ နေထိုင်နေသည့် မွန်လူမျိုးတို့ကြောင့် အနာဂတ် ဖက်ဒရယ်ကို တန်းတူညီမျှရေး အခြေခံဖြင့် သွားရမည်ဟု အကြံပြု ဆွေးနွေးသည်။

တနင်္သာရီဒေသ မွန်လူမျိုးများအနေဖြင့် ဒေသဖက်ဒရယ်ယူနစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များ၌ အခြားလူမျိုးများနှင့် တန်းတူညီ ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ရေး၊ တိုင်းရင်း သားအခွင့်အရေး ရရှိရေးကို ဦးတည်ထားသင့်ကာ Bottom-Up ဖက်ဒရယ် စနစ်သည် အသင့်တော်ဆုံးဖြစ်ကာ ဒေသခံများကသာ ဆုံးဖြတ်ကြရမည် ဖြစ်သည်ဟု သုံးသပ်သည်။ တနင်္သာရီဒေသအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ယူနစ် အဖြစ် ဖြစ်ထွန်းရေးကို မွန်အင်အားစုများက အားပေးထောက်ခံကာ မွန်အပါအဝင် အိမ်နီးချင်းဒေသနှင့် အားကောင်းသော စစ်ရေး၊ နိုင်ငံရေး မိတ်ဖက်များ ပိုမိုဖွဲ့စည်းကာ ဒေသခံလူထုအခြေပြု အဖွဲ့အစည်းများ ပိုမိုအားကောင်းရေးကို တည်ဆောက်ရမည်ဟု မှတ်ချက်ပြုသည်။

Spring Sprouts အကြောင်း

Spring Sprouts သည် ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေးတွင် ပါဝင်လျက်ရှိသော နိုင်ငံရေး၊ စစ်ရေး အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ဆောင်မှုများ၊ ၎င်းတို့အကြား မဟာမိတ်ဆက်ဆံရေးများ စသည့် အခင်းအကျင်းသစ်များနှင့် ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာစောင့်ကြည့်သုတေသနပြုလျက်ရှိသော The Ananda Center of Participatory Democracy ၏ သုတေသန စီမံကိန်းဖြစ်သည်။ ထို့အပြင် Spring Sprouts သည် တော်လှန်ရေးအင်အားစုများကို နည်းပညာအထောက်အကူပေးခြင်း၊ တော်လှန်ရေးအင်အားစုများအကြား အလွတ်သဘောတွေ့ဆုံမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ခြင်း၊ တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများကြား အစည်းအဝေးများ စီစဉ်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။

Spring Sprouts ၏ ရည်မှန်းချက်မှာ လက်ရှိကာလတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နွေဦးတော်လှန်ရေး၏ အခင်းအကျင်းများကို ရှင်းလင်းလွယ်ကူသော သတင်းအချက်အလက်၊ ရုပ်ပြပုံဖော်မှုများ၊ ဆောင်ပါးများ၊ သုတေသနများအနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတကာထံ တင်ဆက်ရန်ဖြစ်သည်။ နိုင်ငံရေးဖြစ်စဉ်များတွင် ပြည်သူလူထု၏ စိတ်ဝင်စားမှု၊ အားတက်သရောပါဝင်မှုနှင့် ဝေဖန်ထောက်ပြအကြံပေးမှုများ၊ ဒီမိုကရေစီအရေး ကြိုးပမ်းဆောင်ရွက်နေသူများအကြား သင့်တော်မှန်ကန်သော သတင်းအချက်အလက် စီးဆင်းမှုများသည် ဒီမိုကရေစီ၏ အရေးကြီးသော အစိတ်အပိုင်းဟု Spring Sprouts က မှတ်ယူပါသည်။

ပိုမိုသိရှိရန်နှင့် ဆက်သွယ်ရန်

hello@theananda.org

https://springsprouts.info